နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

နေပြည်တော်

# “AACC ၏ ၉ ကြိမ်မြောက် Summer School Program တွင် ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီက တင်သွင်းခဲ့သည့် သုတေသနစာတမ်းအား လေ့လာတင်ပြခြင်း”


လေ့လာတင်ပြသူများ -

- ဦးမျိုးမြင့် (လ/ထ ညွှန်မှူး)
  တရားစီရင်ရေးဌာနခွဲ
- ဒေါ်ခင်မွန်ဌေး (ဒု/ဦးစီးမှူး)
  ဥပဒေဌာနခွဲ


ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၈ ရက်

# မာတိကာ

နိဒါန်း

အနှစ်ချုပ်

၁။ စာတမ်း၏နိဒါန်းပိုင်းပါ စာတမ်းရှင်၏အမြင်ကို လေ့လာသုံးသပ်ခြင်း

၂။ ကာဇက်စတန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များ အခန်းကဏ္ဍနှင့် အကျိုးသက်ရောက်မှုကို လေ့လာသုံးသပ်ခြင်း

၃။ ကာဇက်စတန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ယန္တရားကို လေ့လာသုံးသပ်ခြင်း

၄။ စာတမ်းရှင် မစ္စ - ယူလီရာ ဗာချင်ကို၏ သုံးသပ်ချက်များကို စုစည်းတင်ပြခြင်း

နိဂုံး

# “AACC ၏ ၉ ကြိမ်မြောက် Summer School Program တွင် ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီက တင်သွင်းခဲ့သည့် သုတေသနစာတမ်းအား လေ့လာတင်ပြခြင်း”

## နိဒါန်း

အာရှတိုက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) ၏ ၉ ကြိမ်မြောက် နွေကျောင်းပရိုဂရမ် (Summer School Program) ကို တူရကီနိုင်ငံ **(ယခု တူကီယဲနိုင်ငံ)** အန်ကာရာမြို့တော်တွင် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ တူရကီနိုင်ငံ (ယခုတူကီယဲနိုင်ငံ) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဦးဆောင်ဆောင်ရွက်ခဲ့ပါသည်။ AACC လုပ်ငန်းစဉ်များ၏ ဘောင်အတွင်း ကျရောက်သည့် Online Platform ပုံစံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ပရိုဂရမ်တစ်ခု ဖြစ်ပါသည်။

ပရိုဂရမ်၌ ဆွေးနွေးရန်ဘာသာရပ် (Theme) မှာ “ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးတွင် တရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့် လတ်တလောပြဿနာများ ( Current Problems in Execution of Judgments: Constitutional Justice) ဖြစ်ပါသည်။ နှိုင်းယှဉ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေး (Comparative Constitutional Justice) ၌ AACC ၏ အဖွဲ့ဝင်နိုင်ငံများက သင့်လျော်သော ပါဝင်ကူညီမှုများ လုပ်ဆောင်နိုင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ အတွေ့အကြုံများနှင့် လက်တွေ့ကျင့်သုံးမှုများကို ရောင်ပြန်ဟပ်စေရန်အတွက် ရည်ရွယ်လျက် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။[1]

AACC တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် အဖွဲ့ဝင်ဖြစ်ပါသည်။ AACC ၏ ၉ ကြိမ်မြောက် “Summer School Program”တွင် ဆွေးနွေးရန်ဘာသာရပ်(Theme) နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက သုတေသနစာတမ်းတစ်စောင် တင်သွင်းဖတ်ကြားခဲ့သလို၊ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီကလည်း သုတေသနစာတမ်းတစ်စောင် တင်သွင်းဖတ်ကြားခဲ့ပါသည်။ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီက တင်သွင်းခဲ့သည့် သုတေသနစာတမ်းခေါင်းစဉ်မှာ “ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ[2]၏အတွေ့အကြုံ” ဖြစ်ပါသည်။ ယခုသုတေသနစာတမ်းသည် ကာဇက်စတန်သမ္မတနိုင်ငံ၏ အဆိုပါစာတမ်းကို ဘက်ပေါင်းစုံမှ ပြန်လည်လေ့လာတင်ပြမည့် စာတမ်းဖြစ်ပါသည်။

## အနှစ်ချုပ်

[1] Message of **Dr. Zühtü ARSLAN**, Prof., President of Constitutional Court of the Republic of Turkey, “Current Problems in Execution of Judgments: Constitutional Justice”, Online 9th Summer School of AACC (2021), Ankara, Republic of Turkey, ISBN:978-605-2378-73-1, Print Date – February,2022

[2] (ယခု-ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး)

AACC၏ ၉ ကြိမ်မြောက်နွေကျောင်းပရိုဂရမ်ကို တူရကီနိုင်ငံ(ယခုတူကီယဲနိုင်ငံ)၏ အန်ကာရာ (Ankara)မြို့တော်တွင် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပခဲ့ရာ၊ ကာဇက် စတန်သမ္မတနိုင်ငံက “ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ဆုံးဖြတ်ချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရာ၌ ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ အတွေ့အကြုံ ”** ခေါင်းစဉ်ဖြင့် သုတေသနစာတမ်းတစ်စောင်ကို တင်သွင်းခဲ့ပါသည်။

ကာဇက်စတန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဥပဒေရေးရာအထောက်အကူပြုရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဌာန လက်အောက်ရှိ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် သတင်းအချက်အလက်ထောက်ပံ့ရေးဌာနစိတ်မှ ကျွမ်းကျင်သူ (Expert) တစ်ဦးဖြစ်သည့် မစ္စ - ယူလီရာ ဗာချင်ကိုက ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီကိုယ်စား တင်သွင်းခဲ့သည့် သုတေသနစာတမ်း (Research Article) ဖြစ်ပါသည်။ ကာ ဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အရေးကြီးသည့် အကြောင်းကိစ္စရပ်များနှင့် ပတ် သက်၍ လေ့လာတင်ပြထားသည့် သုတေသနစာတမ်းတစ်စောင် ဖြစ်ပါသည်။

“ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ၏အခန်းကဏ္ဍ (Role) နှင့် အကျိုးသက်ရောက်မှု (Impact) ကို အကျဉ်းချုပ်ဖော်ပြထားသလို၊ ကာဇက်စတန်နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်သုံးသပ်ပေးသည့်အဖွဲ့အစည်း (Kazakhstan’s Constitutional Review Body) ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့်ယန္တရား (Execution Mechanism) ၏ မည်သို့လည်ပတ်ပုံကိုလည်း ရှင်းပြလိုသည့်စာတမ်းဖြစ်ပါကြောင်း” စာတမ်းရှင်က ၎င်း၏စာတမ်းတွင် တင်ပြထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်မှုကို အကောင်အထည်ဖော်ဆောင်ခြင်းလုပ်ငန်းစဉ်အတွက် တစ်ထောင့်တစ်နေရာမှထောက်ပံ့သည့်အုတ်မြစ် (Cornerstone) ဖြစ်သည်ဟု စာတမ်းရှင်က ၎င်း၏စာတမ်း၌ ကောက်ချက်ချထားပါသည်။

ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးအတွက် တောင့်တင်းခိုင်မာသည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ဖြစ်ထွန်းလာစေရန်ရည်ရွယ်၍ စီမံဆောင်ရွက်နေသကဲ့သို့၊ တစ်ဆက်တည်းမှာပင် ကောင်စီ၏ အလုပ်ခွင်ယန္တရား(Working Mechanism)ကိုလည်း တိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်လျက်ရှိပြီး၊ ကာဇက် စတန်သမ္မတနိုင်ငံ၏ နိုင်ငံ့ဥပဒေစနစ်နှင့် လိုက်ဖက်ညီခြင်းဖြစ်ပေါ်လာစေရန်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ဥပဒေနယ်ပယ်မျှခြေ (Constitutional and Legal Balance) ရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်နေကြောင်းကိုလည်း စာတမ်းရှင်က စာတမ်းတွင် တင်ပြထားပါသည်။

## ၁။ စာတမ်း၏ နိဒါန်းပိုင်းပါ စာတမ်းရှင်၏အမြင်ကို လေ့လာသုံးသပ်ခြင်း

စာတမ်းရှင် မစ္စ - ယူလီရာ ဗာချင်ကို (Ms. Yuliya Verchenko) က စာတမ်း၏ နိဒါန်းပိုင်းတွင် ယနေ့ခေတ်တိုးတက်လာသည်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးတရားရုံးများ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကဏ္ဍအပေါ် ၎င်း၏ ရှုမြင်သုံးသပ်ပုံအမြင်ကို အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည်။

> "တိုးတက်ခေတ်မီလာသည့်အလျောက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးတရားရုံးများ၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (Execution of the Judgments of Constitutional Courts) ဆိုသည်မှာလည်း ရှုထောင့်ပေါင်းစုံမှ စဉ်းစားသုံးသပ်ရမည့်အရာ(multi-faceted issue) ဖြစ်လာပါသည်။ ဆိုလိုသည်မှာ ဖွဲ့စည်း ပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ခြင်းသည် ခေတ်ပြိုင်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးဥပဒေပညာရပ်ရပ်ဝန်း **(Contemporary Constitutional Justice)** ၌ သံသယကင်းသော အကျိုးရလဒ် **(Unquestionable Interest)** ရရှိစေရန် စမ်းသပ်ခံအကြောင်းကိစ္စတစ်ရပ်ရပ် **(a subject)** ဖြစ်နေပါသည်။"

စာတမ်းရှင်၏အဆိုပါအမြင်ကို လေ့လာပါက " ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် နှိုင်းယှဉ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးဥပဒေပညာရပ်ရပ်ဝန်း၌ သံသယကင်းသော အကျိုးရလဒ်ကို ရရှိစေရန် စမ်းသပ်ခံအကြောင်းကိစ္စတစ်ရပ် ဖြစ်နေသည်ဆိုခြင်း" မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးစနစ်ကို လက်ရှိကျင့်သုံးနေသည့် ကမ္ဘာ့နိုင်ငံများအတွက်မူ မြေပြင်၌ အမှန်တကယ် လက်တွေ့တွေ့ကြုံနေရသည့် အခက်အခဲတစ်ရပ် / အခြေအနေတစ်ရပ် ဖြစ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

**စာတမ်းရှင်က** " ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအခန်းကဏ္ဍသည် ကာဇက်စတန်နိုင်ငံတွင်သာမက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးစနစ်ကို လက်ရှိကျင့်သုံးနေသည့် အခြားကမ္ဘာ့နိုင်ငံများအတွက်လည်း အမှန်တကယ် လက်တွေ့ကြုံတွေ့နေရသည့်အခြေအနေဖြစ်နေကြောင်း " **ယူဆထားသည့်အချက်**ကို လေ့လာတွေ့ရှိရပါသည်။

" **နှိုင်းယှဉ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးနယ်ပယ်၌ AACC ၏ အဖွဲ့ဝင်နိုင်ငံများက သင့်လျော်သော ပါဝင်ကူညီမှုများ လုပ်ဆောင်နိုင်စေရန်**" ဟု ရည်ညွှန်းလျက် AACC က ၎င်း၏ အဖွဲ့ဝင်နိုင်ငံများထံ ၎င်း၏ ၉ ကြိမ်မြောက် Summer School Program အတွက် သုတေသနစာတမ်းများ ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံယှဉ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးနယ်ပယ်ကို ဗဟိုပြုသည့် Summer School Program ဖြစ်သည့်အတွက် ကာဇက်စတန်သမ္မတနိုင်ငံမှ စာတမ်းရှင် မစ္စ- ယူလီရာ ဗာချင်ကို တင်သွင်းခဲ့သည့် သုတေသနစာတမ်းအပါအဝင်၊ AACC ၏ အခြားအဖွဲ့ဝင်နိုင်ငံများမှ တင်သွင်းခဲ့သည့် သုတေသနစာတမ်းများတွင်လည်း နိုင်ငံယှဉ်ဥပဒေပညာရပ် (Comparative Law) နယ်ပယ်မှ နည်းစနစ် (Method) များနှင့် ချဉ်းကပ်မှု (Approach) များကို လျော်ကန်သင့်မြတ်သလို အသုံးပြု၍ သုတေသနစာတမ်းများ ရေးသားတင်သွင်းခဲ့ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

နိုင်ငံယှဉ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေး၌ ယနေ့အထိ သီအိုရီများ ထုတ်ဖော်နိုင်ရန်အတွက် စူးစမ်းလေ့လာရှာဖွေနေကြဆဲဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် နိုင်ငံအလိုက် ယဉ်ကျေးမှု၊ သမိုင်း၊ ပထဝီသွင်ပြင်နှင့် ဘာသာစကားစသည်ဖြင့် မျိုးစုံကွဲပြားခြားနားနေသည်နှင့်အမျှ နိုင်ငံအလိုက် ကိုယ်ပိုင်အခြေခံဥပဒေဖြစ်တည်မှုမှာလည်း ပုံစံအမျိုးမျိုး ဖြစ်ရပါသဖြင့် နိုင်ငံယှဉ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေး၌ နိုင်ငံယှဉ်သီအိုရီများကို ထုတ်ဖော်ပြသနိုင်ရန်မှာ ခက်ခဲနေဆဲဖြစ်ပါသည်။

ထို့ကြောင့် စာတမ်းရှင်တင်ပြထားသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိစ္စဆိုသည်မှာလည်း ရှုထောင့်ပေါင်းစုံမှ စဉ်းစားသုံးသပ်ရမည့်အရာ (Multi-faceted Issue) ဖြစ်နေပါသည်။

" တရားဥပဒေစိုးမိုးရေးကို အထွတ်အမြတ်ထားရသည့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံ့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ လူမှုစီးပွားစနစ် (Socio-economic System)၊ နိုင်ငံရေးစနစ် (Political System) နှင့် အခြားဆက်နွယ်ရာအကြောင်းကိစ္စရပ်များအတွက် အဓိကကျသည့် ထိန်းကွပ်မောင်းနှင်ပေးသူ (The Main Regulator) ဖြစ်ပါသည်" ဟု စာတမ်းရှင်က ရေးသားတင်ပြထားပါသည်။

ကာဇက်စတန်သမ္မတနိုင်ငံကဲ့သို့ပင် မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးစနစ်များအတွက် အဓိကထိန်းကွပ်မောင်းနှင်ပေးသူ (The Main Regulator) အဖြစ် ခံယူထားပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၏ **ပုဒ်မ ၃၈၄** အရ မြန်မာ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရမည့် တာဝန်ရှိပါသည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးအဖွဲ့အစည်းများ (Constitutional Justice Bodies) ၏ လုပ်ဆောင်ချက်များသည် အခြေခံဥပဒေ၏အထွတ်အထိပ်ဖြစ်မှု (The Supremacy of Basic Law) ကို အာမခံပေးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းမျိုးသာ ဖြစ်ရပါမည်" ဟု စာတမ်းရှင်က စာတမ်းတွင် ရေးသားတင်ပြထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ၏ **ပုဒ်မ ၁၉၈** အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေများ၏အကျိုးသက်ရောက်မှု (Effect of Laws) နယ်ပယ်တွင် **အထွတ်အထိပ်**ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၏ အထွတ်အထိပ်ဖြစ်မှု (The Supremacy of Basic Law) ကို အာမခံလျက်/ အလေးအနက်ထားလျက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

စာတမ်းရှင်က“ဖွဲ့စည်းပုံအခြေခံဥပဒေကို ဥပဒေ၏ရည်မှန်းချက်ပြည့်မီသည်အထိ အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် **(Continuation of the Constitution)** အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ဆုံးဖြတ်ချက်များ၏ “အရေးပါအရာရောက်မှု”အနေအထား ဖြစ်တည်လာအောင် ကနဦးပြဋ္ဌာန်းဆောင်ရွက်ကြရန်လိုပြီး၊ အဆိုပါတရားစီရင်ဆုံးဖြတ်ချက်များ၏ ဥပဒေအရအာဏာသက်ရောက်မှုသည် အမြင့်ဆုံးအနေအထား (Supreme Legal Force) ဖြစ်တည်နေရပါမည်” ဟု ရေးသားတင်ပြထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဥပဒေပြဋ္ဌာန်းရခြင်းရည်မှန်းချက်ကို ပြည့်မီသည်အထိ အစွန့်ရှည်တည်တံ့ခိုင်မြဲစေခြင်း အထမြောက်စေရန် ကြိုးစားကြရမည့်အချက်၏ အရေးပါမှုအနေအထားကို စာတမ်းရှင်က ၎င်း၏စာတမ်းတွင် အလေးအနက်ထား တင်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်လည်း နိုင်ငံ့သမိုင်း၌ “၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ” နှင့် “၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ” စသည်ဖြင့် အခြေခံဥပဒေများတည်ရှိခဲ့ဖူးသော်လည်း ဥပဒေ၏ရည်မှန်းချက်ပြည့်မီသည်အထိ အစွန့်ရှည်တည်တံ့ခိုင်မြဲခြင်း (Continuation of the Constitution) မရှိခဲ့ပါ။

ထို့ကြောင့် အတိတ်ကိုသင်ခန်းစာယူ၍ နိုင်ငံတော်အခြေခံရမည့် မူဝါဒအသစ်များကို ချမှတ်ကာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန်ရည်ရွယ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။

လတ်တလောတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို အစွန့်ရှည်တည်တံ့ခိုင်မြဲစေခြင်း (Continuation of the Constitution) အမျိုးသားရေးမူဝါဒအပေါ် ပြည်တွင်း၊ ပြည်ပမှ အန္တရာယ်များရှိလာပါသဖြင့် မြန်မာ့တပ်မတော်က နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ယာယီထိန်းသိမ်း၍ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ခြင်းသည် ဥပဒေစနစ် (Legal System)၊ ဒီမိုကရေစီစနစ် (Democracy) နှင့် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ကို တည်ဆောက်ရာတွင် အထူးအရေးပါသည့်နေရာ (Special

Place) ၌ တည်ရှိနေသည့်အတွက် တရားဥပဒေစိုးမိုးမှု (Rule of Law) ကို ခိုင်ခိုင်မာမာ တည်ဆောက်နေရသည့် နိုင်ငံတစ်နိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကဏ္ဍ၌ ထိရောက်အရေးပါမှု (far-reaching importance) ရှိစေရမည်ဖြစ်ကြောင်းကိုလည်း စာတမ်းရှင်က ရေးသားတင်ပြထားပါသည်။

စာတမ်းရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးတရားရုံးများ၏ ပင်မလုပ်ငန်းတာဝန်ကို အောက်ပါအတိုင်း တင်ပြထားပါသည် _

> "နိုင်ငံတော်အဖွဲ့အစည်းများက ဖွဲ့စည်းပုံအခြေခံဥပဒေကို သဘောပေါက်သိရှိနားလည်ပြီး၊ လိုက်နာကျင့်သုံးနိုင်စေရန်အတွက် ရည်ညွှန်းကိုးကားစရာ (Reference) တစ်ရပ်ရပ်ကို အထောက်အပံ့ပေးနိုင်ခြင်းဟူသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးတရားရုံးများ၏ အလုပ်ပင်ဖြစ်သည်။"

"ဖွဲ့စည်းပုံအခြေခံဥပဒေကို တည်ကြည်လေးနက်စွာ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးခြင်းလုပ်ငန်းကိုဆောင်ရွက်ကြရာတွင် တရားဥပဒေစိုးမိုးမှု၏ သဘောတရားကို လေးစားတန်ဖိုးထား၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးတရားရုံးများက လိုက်နာဆောင်ရွက်ကြရပါမည်" ဟုလည်း စာတမ်းရှင်ကဆိုထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိကအမာခံ (Main Pillar) အဖြစ် သတ်မှတ်ထားသည့် ဒီမိုကရေစီစနစ်၏လုပ်ငန်းစဉ်များကို ရှေ့ဆက်သွားရန် နှင့် ခိုင်မာတောင့်တင်းလာစေရန် လုပ်ဆောင်ရာတွင် အဓိကကျသည့်နေရာမှ ရပ်တည်ပေးနေရသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးတရားရုံးများဖြစ်ကြပါသည်။ ထိုသို့ရပ်တည်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးတရားရုံးများအနေဖြင့် လွတ်လပ်မှုရှိခြင်း (Independence) နှင့် အခွင့်အာဏာ (Authority) ရရှိနေစေရန်လည်း လိုအပ်ပါကြောင်း စာတမ်းရှင်က ရေးသားတင်ပြထားပါသည်။

"သို့ရာတွင် စောဒကပြန်၍မတက်နိုင်သည့်လွတ်လပ်မှုမျိုး (Unchallenged Independence) နှင့် ကိုယ်တိုင်ပြန်လည်အားဖြည့်နိုင်သည့်အခွင့်အာဏာ (Reinforced Authority) တစ်ရပ်ရပ်ကို ပိုင်ဆိုင်ထားခြင်းမျိုးဖြစ်ရမည်" ဟု စာတမ်းရှင်ကဆိုပါသည်။

"နိုင်ငံတော်၏ဥပဒေပြုမဏ္ဍိုင်ကို အရည်အသွေးတိုးတက်မြင့်မားလာစေရေးသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်သုံးသပ်သည့်လုပ်ငန်းကို ဆောင်ရွက်ပေးနေရသည့် အဖွဲ့အစည်း၏ဆုံးဖြတ်ချက်များအပေါ် အတိုင်းအဆကြီးကြီး မှီခိုနေသလို၊ နိုင်ငံတော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလက်ခံကျင့်သုံးခြင်းအပေါ် ယုံကြည်ကိုးစားမှု (Constitutionalism) ကို ခိုင်မာအားကောင်းလာစေရန်အတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်သုံးသပ်သည့်လုပ်ငန်းကို ဆောင်ရွက်ပေးရသည့်အဖွဲ့အစည်း၏ဆုံးဖြတ်ချက်များကို သိရှိနားလည်လိုခြင်းသဘောတရားမှာလည်း အထူးအရေးပါသည့်အချက်ဖြစ်ကြောင်း" စာတမ်းရှင်က ၎င်း၏စာတမ်းတွင် တင်ပြထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံကျင့်သုံးခြင်းအပေါ်ယုံကြည်ကိုးစားမှု (Constitutionalism) ကို ခိုင်မာအားကောင်းလာစေရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သုတေသနစာအုပ်စာတမ်းများ၊ဂျာနယ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဘိဓာန်များ ထုတ်ဝေခြင်း၊ ရုံး၏ တရားဝင်အင်တာနက်စာမျက်နှာမှတစ်ဆင့် မြန်မာပြည်သူလူထုထံသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတို့၏ တာဝန်နှင့်အခွင့်အရေးများ၊ တရားဥပဒေစိုးမိုးမှု၏ အရေးပါမှုစသည့်အကြောင်းအရာများနှင့်သက်ဆိုင်သည့် ဥပဒေဗဟုသုတများ၊ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိပညာပြန့်ပွားရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပါသည်။

ကာဇက်စတန်သမ္မတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်း၌ ခရီးပေါက်ရောက်မှုသည် တိုးတက်အားကောင်းလာနေပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်သုံးသပ်ခြင်းလုပ်ငန်းများ (Constitutional Review Activities) ၏ ဥပဒေအရအခြေပြုထားသည့် အကြောင်းအရာများသည်လည်း အားပြည့်လာရာ၊ ပေါင်းစပ်လုပ်ဆောင်ရသည့် လုပ်ငန်းတာဝန်များ နှင့် ရှုထောင့်စုံလင်သည့် တာဝန်ဝတ္တရားများသည် အလွန်အမင်းတိုးပွားလာနေကြောင်း စာတမ်းရှင်က စာတမ်းတွင် ရေးသားတင်ပြထားပါ သည်။

ထို့ကြောင့် ကာဇက်စတန်သမ္မတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ယန္တရား၊ ယင်းနှင့်အကျိုးသက်ဆိုင်သောလုပ်ပိုင်ခွင့်အခွင့်အာဏာကို ရရှိပိုင်ဆိုင်ထားသည့် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၏အခန်းကဏ္ဍနှင့် ပူးပေါင်းပါဝင်လာမှုအနေအထားစသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ဆုံးဖြတ်ချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်စပ်ဆိုင်နေသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ကြရခြင်း၏ အရေးပါအရာရောက်မှုကို တိုးမြှင့်သတ်မှတ်ပေးရန်လည်းလိုမည်ဖြစ်ပါကြောင်း”စာတမ်းရှင်က စာတမ်းတွင် အကြံပြုတင်ပြထားပါသည်။

## ၂။ ကာဇက်စတန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ဆုံးဖြတ်ချက်များ အခန်းကဏ္ဍနှင့် အကျိုးသက်ရောက်မှုကို လေ့လာသုံးသပ်ခြင်း

စာတမ်းရှင်က ၎င်း၏စာတမ်းတွင် ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ၏ အခန်းကဏ္ဍနှင့် အကျိုးသက်ရောက်မှုအပေါ် ရေးသားတင်ပြထားမှုများကို ဆန်းစစ်လေ့လာ၍ တင်ပြမည်ဖြစ်ပါသည်။

ကာဇက်စတန်သမ္မတနိုင်ငံ၏ အတွေ့အကြုံကို ရှုထောင့်ကျကျ လေ့လာကြည့်မည်ဆိုပါက “ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်သုံးသပ်ခြင်းကိစ္စနှင့် ပတ်သက်စပ်လျဉ်းသည့် အခြေခံစံသတ်မှတ်ချက်များနှင့် ယင်းစံသတ်မှတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာ ကာဇက်စတန်သမ္မတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကအာဏာအပ်နှင်းထားသည့် အကြောင်းအရာများပါဝင်နေသည့် ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်း

ပုံအခြေခံဥပဒေ (၁၉၉၅) ၏ အခန်း ၆ ကို ဦးစွာပထမ လေ့လာရန် လိုအပ်ပါကြောင်း” စာတမ်းရှင်က ဆိုပါသည်။

စာတမ်းရှင်က -

“တရားစီရင်ရေးစနစ် (Judicial System) အခန်းတွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကောင်စီ၏အကြောင်းကို ရှာဖွေ၍ တွေ့ရှိနိုင်မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသည် ကာဇက်စတန် နိုင်ငံ့နယ်မြေဧရိယာအား လုံး၏ အခြေခံဥပဒေ (Basic law) အဖြစ် အတည်ပြုထားသည့် ကာဇက်စတန်သမ္မတ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏ အထွတ်အထိပ်ဖြစ်မှုကို အာမခံချက်ပေးရသည့် သီးခြား လွတ်လပ်စွာတည်ရှိသည့် နိုင်ငံတော်အဆင့်အဖွဲ့အစည်းတစ်ရပ် (An Independent State Body) ဖြစ်သောကြောင့် ဖြစ်သည်” ဟု တင်ပြထားပါသည်။

ယင်းသဘောတရားမှာ ကာဇက်စတန်သမ္မတနိုင်ငံ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့ အကြား အနည်းငယ်ကွဲပြားခြားနားသည့်အချက် ဖြစ်ပါသည်။ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်း ပုံအခြေခံဥပဒေဆိုင်ရာကောင်စီနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးတို့သည် သက်ဆိုင်ရာနိုင်ငံအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး နယ်ပယ်၌ အဆင့်အမြင့်ဆုံးသော တရားစီရင်ရေးအဖွဲ့အစည်းများ ဖြစ်ကြသည့်အချက်မှာ တူညီကြ ပါသည်။ သို့သော် ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၅) ၏ တရားစီရင်ရေး အခန်းအောက်တွင် ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ အခန်း ကဏ္ဍကို ထည့်သွင်းထားခြင်းမရှိပါ။ သီးခြားအခန်းခွဲခြား၍ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၏ တရားစီရင်ရေးအခန်း အောက်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

မည်သို့ပင်ဆိုစေကာမူ_ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင် စီနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့သည် သက် ဆိုင်ရာမိမိတို့နိုင်ငံအလိုက် တည်ရှိနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးနယ်ပယ်၌ အဆင့်အတန်းအမြင့်ဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးအဖွဲ့အစည်းများ ဖြစ်ကြ ပြီး၊ အာရှတိုက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ နှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions (AACC)) တွင်လည်း အဆင့်တန်းတူ အဖွဲ့ဝင်များ ဖြစ်ကြပါသည်။

“ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဥပဒေကြောင်းအရ ရပ်တည်မှုများသည် သက်ဆိုင်ရာဥပဒေပညာရပ်နယ်ပယ် ဆက်နွယ်သည်များကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း အဆင့်တွင်သာမက၊ လက်ရှိဥပဒေပြုမဏ္ဍိုင်နှင့် ဥပဒေစိုးမိုးရေးအကောင်အထည်ဖော်မှုအလေ့အထ (Law Enforcement Practice) တို့ကို ဖွံ့ဖြိုးလာ

စေရန် နည်းပေးလမ်းညွှန်ခြင်း (Guiding) ပြုလုပ်ရာတွင်လည်း အရေးပါသည့် ရှေ့ဆောင်လမ်းပြ တစ်ရပ် (An Important Role) ဖြစ်ကြောင်း” စာတမ်းရှင်က ဆိုထားပါသည်။

ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ(၁၉၉၅)၏ **ပုဒ်မ ၇၄၊ အပိုဒ် ၃** ၌ “ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များသည် ယင်းဆုံးဖြတ်ချက်များကို ချမှတ်သည့်နေ့ ရက်မှစ၍ အာဏာသက်ရောက်ပြီး၊ ယင်းဆုံးဖြတ်ချက်များသည် နိုင်ငံတော်၏ နယ်နိမိတ်အားလုံးသို့ လွှမ်းခြုံစည်းနှောင်မှု (Generally Binding) ရှိစေရမည်ဖြစ်ကာ၊ ယင်းဆုံးဖြတ်ချက်များသည် အပြီး သတ်ဖြစ်ပြီး၊ အယူခံဝင်ပိုင်ခွင့် မရှိစေရ” ဟု ပြဋ္ဌာန်းထားကြောင်း စာတမ်းရှင်က ရေးသားတင်ပြထား ပါသည်။

ယင်းပုဒ်မကြောင့် “ကာဇက်စတန်သမ္မတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ အပြီးသတ်ဆုံးဖြတ်ချက်များ (Final Decisions) ပါ သတ်မှတ်အကြံပြုထားသည်များနှင့် ဥပဒေနှင့် အညီရပ်တည်ချက်များကို တည်ဆဲဥပဒေများ (Laws) နှင့် ပါလီမန်ကပြဋ္ဌာန်းသည့် အက်ဥပဒေများ (Regulatory Legal Acts) အပေါ် ချက်ချင်းနှင့်အမှန်တကယ် သက်ရောက်၍ အကောင်အထည်ဖော် ဆောင်ရွက်စေနိုင်ခြင်းဖြစ်ကြောင်း” ကိုလည်း စာတမ်းရှင်က လေ့လာသုံးသပ်ထားပါသည်။

ထို့ပြင် ယင်းပုဒ်မ၏ အနှစ်သာရကြောင့် ကာဇက်စတန်သမ္မတနိုင်ငံတွင် “ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ညီညွတ်စွာ တရားဝင်အောင်ဆောင်ရွက်ခြင်း (Ensuring Constitutional Legality) ” မူဝါဒ အပေါ် အာမခံချက်ထားရှိသည့်သဘောတရားကို လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ကြရာ၌ လိုက်နာကျင့် သုံးသည့်အလေ့အထ (Practice of Applying) မျိုးကို လက်ကိုင်ထားရှိသည့် ဥပဒေပြုမဏ္ဍိုင်အဖြစ် သို့လည်း ဖြစ်ထွန်းပေါ်ပေါက်လာနိုင်စေမည်ဖြစ်ပါကြောင်း” စာတမ်းရှင်က လေ့လာသုံးသပ် တင်ပြ ထားပါသည်။

“ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်စွာ တရားဝင်အောင်ဆောင်ရွက်ခြင်း (Ensuring Constitutional Legality)”မူဝါဒသည် ကာဇက်စတန်သမ္မတနိုင်ငံတွင်သာမက ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပင်မဥပဒေအဖြစ် လက်ခံကျင့်သုံးသည့် ကမ္ဘာ့နိုင်ငံများ အားလုံးတွင် လက်ခံကျင့်သုံးနေသည့် မူသဘောတရားပင်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ၏ **ပုဒ်မ ၃၂၄** တွင် “ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်** ” ဟု ပြဋ္ဌာန်းထားပါသည်။ ပြည် ထောင်စုသမ္မတမြန်မာနိုင်ငံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ အစစအရာရာ ညီညွတ်မျှတအောင် လိုက်နာဆောင်ရွက်နိုင်စေရန်အလို့ငှာ အဆိုပါ **ပုဒ်မ ၃၂၄** ကို ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီဥပဒေ(၁၉၉၅)၏ အခန်း ၅ ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ “ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာကောင်စီ၏ဆုံးဖြတ်ချက်ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီက ၎င်း၏

တရားခွင် (Session) တွင် ဆုံးဖြတ်သတ်မှတ်လိုက်သည့် မည်သည့်ပြုမူမှု/ဆောင်ရွက်မှုမျိုး (Any Act Adopted) ကိုမဆို ဆိုသည် ” ဟု ဖော်ပြထားကြောင်း စာတမ်းရှင်က ရည်ညွှန်းရေးသားထားပါသည်။

“ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များ (Decisions) ကို စုပေါင်းဆုံးဖြတ်ချက်များပုံစံဖြင့် (in the form of Resolutions) ဆုံးဖြတ်ခြင်းဖြစ်ပြီး၊ ယင်းစုပေါင်းဆုံးဖြတ်ချက်များတွင် ဥပဒေစံအဖြစ်စုပေါင်းဆုံးဖြတ်ချက်များ(Normative Resolutions)သည်လည်း အကျုံးဝင်ပြီး၊ ယင်းဆုံးဖြတ်ချက်များသည် ကာဇက်စတန်သမ္မတနိုင်ငံ၏ တည်ဆဲဥပဒေနယ်ပယ်၌ မရှိမဖြစ်ပါဝင်ရမည့် အစိတ်အပိုင်းတစ်ရပ် (an integral part) အဖြစ် တည်ရှိနေသည်ဖြစ်ကာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီက ချမှတ်သည့် အပြီးသတ်သဘောထားများ (Conclusions) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီက လိပ်မူပေးပို့သည့် နှစ်စဉ်သဝဏ်လွှာများ (Annual Addresses) သည်လည်း အထက်ပါသဘောတရားအတိုင်း ကာဇက်စတန်သမ္မတနိုင်ငံ၏ တည်ဆဲဥပဒေနယ်ပယ်၌ မရှိမဖြစ်ပါဝင်ရမည့်အစိတ်အပိုင်းတစ်ရပ် (an integral part) အဖြစ် တည်ရှိနေသည်ဖြစ်သည်” ဟု စာတမ်းရှင်က စာတမ်းတွင် ရေးသားတင်ပြထားပါသည်။

ထို့အပြင် ကာဇက်စတန်သမ္မတနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီက ပါလီမန်လွှတ်တော်သို့ လိပ်မူပေးပို့သည့် နှစ်စဉ်သဝဏ်လွှာများနှင့် ပတ်သက်သည့် သဘောတရားကိုလည်း စာတမ်းတွင် စာတမ်းရှင်က အောက်ပါအတိုင်း ရှင်းလင်းတင်ပြထားပါသည် -

> “နိုင်ငံအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်သည့် ဥပဒေရပ်ဝန်းကို ဖြစ်ထွန်းလာစေရန်ရည်ရွယ်၍ နှစ်စဉ်သဝဏ်လွှာ (Annual Address) လိပ်မူပေးပို့ခြင်း ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကောင်စီ၏ ပင်မလုပ်ငန်းတာဝန်တစ်ရပ်ပင် ဖြစ်သည်။ အဆိုပါသဝဏ်လွှာတွင် _ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီအနေဖြင့် ၎င်းစဉ်းစားသုံးသပ်ခဲ့သည့်အယူခံမှုများ၏ အကျိုးရလဒ် (Result) များကို အခြေပြု၍ လက်ရှိဥပဒေပြုမဏ္ဍိုင်နှင့် ဥပဒေပြုမဏ္ဍိုင်၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်သော စံသတ်မှတ်ချက်များ တည်ရာမှီရာဌာနေမှ (From the Stand Point) ဆောင်ရွက်နေခြင်း ဟုတ်-မဟုတ်ကို ဆန်းစစ်လေ့လာသုံးသပ်၍ သဝဏ်လွှာကို ရေးသားပုံဖော်ခြင်းဖြစ်ပြီး၊ သက်ဆိုင်ပတ်သက်နေသည့် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ကြရာ၌ ပူးပေါင်းပါဝင်ခြင်းကဏ္ဍတွင် အားနည်းချက်များ (Shortcomings) ကင်းစင်မှုရှိပြီး၊ အာရုံစူးစိုက်မှု (Attention) ရရှိစေရန် ရည်ရွယ်၍ အဆိုပါသဝဏ်လွှာများကို (Drawing) ရေးသားပုံဖော်ခြင်းဖြစ်ပါသည်။”

**၃။ ကာဇက်စတန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ယန္တရားကို လေ့လာသုံးသပ်ခြင်း**

စာတမ်းရှင်က ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီက ချမှတ်သည့် ဆုံးဖြတ်ချက်များ၏ အခန်းကဏ္ဍနှင့် အကျိုးသက်ရောက်မှုကို တင်ပြထားရာ ယင်းတင်ပြချက်များကို လေ့လာတင်ပြမည်ဖြစ်ပါသည်။

စာတမ်းရှင်က “ ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ယန္တရားကို ဆန်းစစ်လေ့လာရာတွင် ဦးစွာသတိပြုရမည့်အချက်မှာ ကာဇက်စတန်သမ္မတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၅) က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိစ္စရပ်အတွက် လုပ်ထုံးလုပ်နည်း (Procedure) ကို ကိုယ်တိုင် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိ”ဟု ဆိုပါသည်။

သို့ရာတွင် ကာဇက်စတန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီဥပဒေ (၁၉၉၅) ၏ **ပုဒ်မ ၄၀** တွင် “ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသည် ၎င်း၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအစဉ် (Order) နှင့် သတ်မှတ်ချိန် (Timeframe) ကို ဆုံးဖြတ်သတ်မှတ်ပေး နိုင်သည်” ဟု ပြဋ္ဌာန်းထားပါကြောင်း စာတမ်းရှင်က နှိုင်းယှဉ်တင်ပြထားပါသည်။

စာတမ်းရှင်က ကာဇက်စတန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီဥပဒေ (၁၉၉၅) ၏ ပုဒ်မ ၄၀ ကို ကာဇက်စတန်ဥပဒေပြုမဏ္ဍိုင်၏ သဘောတူညီချက်ဖြင့် ပြဋ္ဌာန်းထားနိုင်သည့်အချက်ကို စာတမ်းတွင် ထိုသို့ မီးမောင်းထိုးတင်ပြထားခြင်း ဖြစ်ပါသည်။

**စာတမ်းရှင်ရေးသားဖော်ပြထားသည့် အထက်ပါအချက်ကို လေ့လာသုံးသပ်ရပါက** “ ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၅) က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ထုံးလုပ်နည်း (Procedure) ကို ကိုယ်တိုင်သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း၊ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီဥပဒေ (၁၉၉၅) ပုဒ်မ ၄၀ တွင် “ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသည် ၎င်း၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အစီအစဉ် (Order) နှင့် သတ်မှတ် ချိန် (Timeframe) ကို ဆုံးဖြတ်သတ်မှတ်ပေးနိုင်သည်”ဟု ပြဋ္ဌာန်းထားနိုင်ခြင်းသည် ကာဇက်စတန် သမ္မတနိုင်ငံ၏ ဥပဒေပြုရေးမဏ္ဍိုင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီတို့အကြား အပြန် အလှန်ကောင်းမွန်သည့်ဆက်ဆံရေးနှင့် အပြန်အလှန်ထိန်းကျောင်းမှု အားကောင်းသည့်အခြေအနေ တည်ရှိနေခြင်းကိုလည်းကောင်း၊ ကာဇက်စတန်သမ္မတနိုင်ငံ၏ဥပဒေပြုရေးမဏ္ဍိုင်က ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှုကို တစ်ဖက်သတ် လွှမ်းမိုးလိုခြင်းမရှိသောသဘောထား ဖြစ်တည်နေသည့် အခြေအနေကိုလည်းကောင်း ထင်ဟပ်ဖော်ပြနေပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်သည့် ယန္တရားများကို ပိုမို၍အားကောင်းလာစေရန် ယင်းပုဒ်မကို ၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ခဲ့ခြင်းဖြစ်သည် ဟု စာတမ်းရှင်ကဆိုပါသည်။

အဆိုပါပြောင်းလဲပြင်ဆင်ချက်များအရ "ဥပဒေပြဋ္ဌာန်းချက်များပိုမိုတိုးတက်စေမည့် ထောက်ခံချက်များ (Recommendations) နှင့် အကြံပြုချက်များ(Suggestions) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ဆုံးဖြတ်ချက်များတွင်ပါရှိပါက ယင်းတို့အပေါ် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများနှင့် နိုင်ငံတော်အဆင့်တာဝန်ရှိသူများက မဖြစ်မနေ ဆန်းစစ်မှု ပြုလုပ်ဆောင်ရွက်ကြရမည်ဖြစ်ပြီး၊ ယင်းသို့ဆောင်ရွက်သည်ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီထံ မဖြစ်မနေ အသိပေးအကြောင်းကြား (Mandatory Notification) ရမည် ဖြစ်သည်" ဟု စာတမ်းရှင်က ရေးသားတင်ပြထားပါသည်။

ကာဇက်စတန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီဥပဒေ (၁၉၉၅) ၏ ပုဒ်မ ၄၀၊ အပိုဒ် ၃ အရ နိုင်ငံတော်အဆင့်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ဆုံးဖြတ်ချက်များနှင့် ပတ်သက်သည့် အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ထားသည်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီက သတ်မှတ်ပေးထားသည့် နောက်ဆုံးထားဆောင်ရွက်ပေးရန်သတ်မှတ်နေ့ရက်များ (Deadlines) အမီ ဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီထံ မဖြစ်မနေ အကြောင်းကြားရမည်ဖြစ်ကြောင်းကိုလည်း စာတမ်းတွင် စာတမ်းရှင်က ရေးသားဖော်ပြထားပါသည်။

" အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ဆုံးဖြတ်ချက်တွင် နိုင်ငံတော်၏ အသုံးစရိတ်များ (State Expenditures) ကို တိုးမြှင့်ရန်လိုအပ်သည့်ကိစ္စတစ်ရပ်ရပ် (An Increase) သို့မဟုတ် နိုင်ငံတော်၏အခွန်အခများ (State Revenues) ကို လျှော့ချလိုသည့်ကိစ္စတစ်ရပ်ရပ် ( A Reduction) ပါဝင်နေပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသည် ၎င်း၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက်များ (Terms) ကို ကာဇက်စတန်သမ္မတနိုင်ငံ၏ နိုင်ငံတော်အစိုးရ(Government) နှင့် ညှိနှိုင်းတိုင်ပင်(Consultation)၍ ဆုံးဖြတ်သတ်မှတ်ပေးနိုင်သည်" ဟု စာတမ်းရှင်က စာတမ်းတွင် တင်ပြထားပါသည်။

အဆိုပါတင်ပြချက်ကို လေ့လာသုံးသပ်ရပါက ကာဇက်စတန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ **အချို့သောဆုံးဖြတ်ချက်များသည်** ကာဇက်စတန်သမ္မတနိုင်ငံ၏ နိုင်ငံတော်အစိုးရနှင့် ညှိနှိုင်းတိုင်ပင်၍ ဆုံးဖြတ်ချက်ကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

"ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်သုံးသပ်သည့်အဖွဲ့အစည်း (Kazakhstan's Constitutional Review Body) အနေဖြင့်၊ ၎င်းကျင်လည်ဖြတ်သန်းခဲ့သည့် နှစ်ကာလများတလျှောက်၊ နောက်ပြန်လှည့်ကြည့်လိုက်ပါလျှင် ဆုံးဖြတ်ပေးခဲ့သည့် ဥပဒေစံအဖြစ်

လိုက်နာရမည့်ဆုံးဖြတ်ချက်(Normative Resolution) စုစုပေါင်းအရေအတွက် ၁၄၅ ခု ကျော် ဆုံးဖြတ်ပေးနိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း” စာတမ်းရှင်က တင်ပြထားပါသည်။

သို့ရာတွင် “ အခြေခံဥပဒေ (Basic law) ၏ အလားအလာ (Potential) ကို သဘောပေါက်နားလည်စေရန်ရည်ရွယ်၍ ဆုံးဖြတ်ပေးခဲ့ရသည့် ဆုံးဖြတ်ချက်များကမူ ခေတ်မီသော အမျိုးသားရေးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာမူဝါဒ (Modern National Constitutional Policy) ၏ သီးသန့်ဒဿနလမ်းညွှန်များ (Separate Conceptual Directions) ကို ဖန်တီးပုံဖော်ပေးနိုင်မည့် အထောက်အကူ (ဓာတ်ကူ) တစ်ရပ်ရပ် (A Catalyst) နှင့် အရင်းခံ (ထောက်တိုင်) တစ်ရပ်ရပ် (A Pillar) ကို ဖြစ်ထွန်းပေါ်ပေါက် လာစေနိုင်မည်ဖြစ်ကြောင်း” စာတမ်းရှင်က ၎င်း၏သုံးသပ်ချက်အမြင်ကို စာတမ်းတွင် တင်ပြထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အနေဖြင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၏ အလားအလာကို သဘောပေါက်နားလည်စေရန် ရည်ရွယ်၍ ဆုံးဖြတ်ပေးခဲ့သည့် ဆုံးဖြတ်ချက်အချို့ကိုလည်း ခုံရုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးသမိုင်းကို ပြန်ကြည့်ပါက တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

**“ ပြည်ထောင်စုတရားသူကြီးချုပ် နှင့် ပြည်ထဲရေးဝန်ကြီးဌာန”** ( တင်သွင်းလွှာအမှတ် - ၁ ၊ ဆုံးဖြတ်ချက်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ နေပြည်တော်၊ ၂၀၁၁၊ စာမျက်နှာ ၁ မှ ၃၆) ကို ဥပမာပြလိုပါသည်။ ယင်းဆုံးဖြတ်ချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ၏ **ပုဒ်မ ၁၁ (က)** ပါ “ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်” ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ခေတ်မီသော အမျိုးသားရေးဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာမူဝါဒ၏ လမ်းညွှန် (Direction) ကို ရှင်းလင်းအောင် ပုံဖော်ပေးနိုင်ခဲ့သည့် ခုံရုံးဆုံးဖြတ်ချက်ဖြစ်ပါသည်။

“ကာဇက်စတန်သမ္မတနိုင်ငံနိုင်ငံတော်သမ္မတ၏လက်အောက်ရှိ ဥပဒေရေးရာမူဝါဒကောင်စီ (Legal Policy Council) ၏ အတိုင်ပင်ခံနှင့်အကြံပေးအဖွဲ့အစည်း (Consultative and Advisory Body) က ၎င်း၏နှစ်စဉ်အစည်းအဝေးတွင် **“ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိစ္စရပ်”**ကို အပြုသဘောဖြင့်တွန်းအားပေးဆောင်ရွက်ရမည့်ကိစ္စတစ်ရပ် (A Positive Impetus) အဖြစ် ရှုမြင်၍ ဆွေးနွေးပေးလေ့ရှိရာ၊ ယင်းအချက်ကြောင့်ပင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ဆုံးဖြတ်ချက်များနှင့် စပ်ဆိုင်သည့် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများ (The Responsible State Bodies) ကို ရွေးထုတ်သတ်မှတ်(Identify)ပေးခြင်းနှင့် သီးသန့်ညွှန်ကြားချက်များ (Specific Instructions) ထုတ်ပြန်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း” ကိုလည်း စာတမ်းရှင်က စာတမ်းတွင် ရေးသားတင်ပြထားပါသည်။

“နှစ်စဉ်နှစ်တိုင်း ကာဇက်စတန်သမ္မတနိုင်ငံဥပဒေရေးရာမူဝါဒကောင်စီ၏ လုပ်ငန်းလျာထားချက် (Plan of Action) နှင့်အညီ ကျင်းပပြုလုပ်သည့် အစည်းအဝေးများက ကာဇက်စတန်သမ္မတ

နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် လိုက်နာဆောင်ရွက်မှုနှင့် လိုက်နာဆောင်ရွက်သည့်အနေအထားများနှင့် ပတ်သက်စပ်လျဉ်းသည့် သတင်းအချက်အလက် (Information) ကို ရယူပံ့ပိုး ကူညီပေးလျက်ရှိသည်” ဟု စာတမ်းရှင်က စာတမ်းတွင် တင်ပြထားပါသည်။

စာတမ်းရှင်ရေးသားတင်ပြထားသည့် ဤအချက်ကို လေ့လာသုံးသပ်ပါက ကာဇက်စတန်သမ္မတနိုင်ငံတွင် ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံတော်သမ္မတ၏ လက်အောက်ရှိ ဥပဒေရေးရာမူဝါဒကောင်စီ (Legal Policy Council) ၏ အတိုင်ပင်ခံနှင့်အကြံပေးအဖွဲ့အစည်း (Consultative and Advisory Body) က ၎င်း၏နှစ်စဉ်အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဆိုသည်ကို အပြုသဘောဖြင့် တွန်းအားပေး ကူညီဆောင်ရွက်လျက်ရှိခြင်း၊ သတင်းအချက်အလက်ကို ရယူပံ့ပိုးပေးခြင်းများကူညီဆောင်ရွက်ပေးလျက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် ကာဇက်စတန်သမ္မတနိုင်ငံ၌ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီတို့အကြား အပြန်အလှန် ဆက်ဆံရေးကောင်းမွန်မှုနှင့် အပြန်အလှန်ထိန်းကျောင်းမှု အားကောင်းသည့်အခြေအနေတို့ကို လေ့လာတွေ့ရှိရပါသည်။

အထက်ပါအချက်များကြောင့်လည်း “ကာဇက်စတန်သမ္မတနိုင်ငံတွင် ကာဇက်စတန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းယန္တရားသည် ကောင်းကောင်းမွန်မွန် လုပ်ငန်းလည်ပတ်နေနိုင်ခြင်း ( working quite well ) ဖြစ်ပါကြောင်း” စာတမ်းရှင်က စာတမ်းတွင် လေ့လာသုံးသပ်တင်ပြထားပါသည်။

“ကာဇက်စတန်သမ္မတနိုင်ငံတွင် မကြာသေးမီ နှစ်ပိုင်းကာလများအတွင်း နိုင်ငံတော်အဆင့်အဖွဲ့အစည်းများနှင့် နိုင်ငံတော်အဆင့်တာဝန်ရှိသူများက ဥပဒေပြုရေးကဏ္ဍ၊ အဖွဲ့အစည်းဆိုင်ရာကဏ္ဍနှင့် အခြားကဏ္ဍများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ အပြီးသတ်ဆုံးဖြတ်ချက်များနှင့်အညီ အထူးအလေးအနက်ထား၍ လုပ်ဆောင်လာကြပြီး၊ ထို့အတွက်ကြောင့် ကာဇက်စတန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရာတွင် ယန္တရားလည်ပတ်မှုများ သန်မာအားကောင်းလာနေသည်” ဟု စာတမ်းရှင်က စာတမ်းတွင် တင်ပြထားပါသည်။

“ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားစီရင်သုံးသပ်ခြင်း (Constitutional Review) ဆိုသည်မှာ ပြောင်းလဲလာသော လူမှုဆက်ဆံရေးများ (Social Relations) နှင့်အညီ ညှိယူဆောင်ရွက်ရခြင်း၊ အမျိုးသားရေးဥပဒေစနစ်(National Legal System)ကို စဉ်ဆက်မပြတ်မြှင့်တင်ပေးခြင်းတို့အတွက် လှုံ့ဆော်ပေးမှု (Incentive) တစ်ခု ဖြစ်လာကြောင်း ” စာတမ်းရှင်က တင်ပြထားပါသည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရသည့် စီမံကွပ်ကဲရေးယန္တရားများ (Supervision Mechanisms) ၏ လုပ်ဆောင်ချက်များ ပိုမိုလက်တွေ့ကျလာစေရန် လိုအပ်သလို၊ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်မှုမပြုခြင်း (Non-Compliance) အတွက်လည်း လိုအပ်လျှင် လိုအပ်သလို နောက်ဆက်တွဲ ဥပဒေအရအရေးယူဆောင်ရွက်ခြင်းများ (Legal Consequences) ကိုလည်း ပိုမို၍ လက်တွေ့ကျလာစေရန် လိုအပ်ပါကြောင်း" စာတမ်းရှင်က ၎င်း၏စာတမ်းတွင် အကြံပြုတင်ပြထားပါသည်။

ဤကိစ္စရပ်နှင့်ပတ်သက်၍ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီဥပဒေကို ပြင်ဆင်မှုများနှင့် ဖြည့်စွက်မှုများ ပြုလုပ်နိုင်ရန်အတွက် အကြံပြုချက်များကို ကြိုဆို၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်ဟု စာတမ်းရှင်က စာတမ်းတွင် တင်ပြထားပါသည်။

ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသည် အယူခံမှုတစ်မှုချင်းစီအလိုက် ထူးကဲသည့်အခြေအနေများနှင့်ပတ်သက်၍ ၎င်း၏ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်နာဆောင်ရွက်ရန် အထူးလုပ်ထုံးလုပ်နည်း (Special Procedure) တစ်ရပ်ရပ်ကို ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီဥပဒေ(၁၉၉၅)၏ ပုဒ်မ ၄၀၊ အပိုဒ် ၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆုံးဖြတ်သတ်မှတ်ပေးနိုင်သည့် အခွင့်အရေးကို ရရှိပိုင်ဆိုင်ထားသော်လည်း၊ အတိတ်က ဥပဒေနှင့်ညီညွတ်စွာ ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်မှုများကိုမူ ပြန်လည်သုံးသပ် (Review) ပေးရန်မလိုသည့်အချက်ကိုလည်း ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကောင်စီက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ချမှတ်ခဲ့သည့် ဥပဒေစံအဖြစ်လိုက်နာရမည့်ဒီကရီ (Normative Decree) ကို ရည်ညွှန်းကိုးကား၍ စာတမ်းရှင်က စာတမ်းတွင် အောက်ပါအတိုင်းတင်ပြထားပါသည်-

> "ဖွဲ့စည်းပုံအခြေခံဥပဒေကောင်စီက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ချမှတ်ခဲ့သည့် ဥပဒေစံအဖြစ်လိုက်နာရမည့်ဒီကရီ (Normative Decree) တွင် လမ်းညွှန်ခဲ့သည့် – "ဥပဒေစံအဖြစ်လိုက်နာရမည့်ဒီကရီ (Normative Decree) တို့တွင် **နောက်ကြောင်းပြန်အာဏာသက်ရောက်မှု (Retroactive Effective) မရှိပေ**"ဟု ဆိုလိုရခြင်းမှာ ရှေးယခင်က ဖြစ်ပွားခဲ့သည့် အစိုးရအိမ်ယာမှဖိအားပေးနှင်ထုတ်ခဲ့ခြင်း (Eviction from Housing) အမှုအခင်းတွင် ထိုအချိန်က တည်ဆဲတရားဥပဒေနှင့်အညီ ဆုံးဖြတ်ပေးခဲ့သည့်၊ အတည်ပြုအကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည့် တရားရုံး၏ဆုံးဖြတ်ချက်များကို ပြန်လည်တရားစီရင်သုံးသပ်ပေးရန်နှင့် ပြန်လည်ရပ်ဆိုင်းပေးနိုင်သည့် (No Obligation) တာဝန်ဝတ္တရားမရှိသည့်အတွက်ဖြစ်သည်" ဟု ဖြစ်ပါသည်။

ကာဇက်စတန်သမ္မတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ ဆုံးဖြတ်ချက်နှင့်အကျိုးသက်ဆိုင်သည့် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ စတင်၍ ၆ လတာ ကာလထက်နောက်မကျစေဘဲ လိုက်နာဆောင်ရွက်ပေးကြရမည့်အချက် ပါဝင်သည့် ဥပဒေကြမ်းကို ဥပဒေပြု

မဏ္ဍိုင်က စိစစ်ဆောင်ရွက်ခြင်းများ (Legislative Measures) ပြုလုပ်နိုင်စေရန်အတွက် ပါလီမန်လွှတ်တော်၏ အောက်လွှတ်တော် (Mazhilis) သို့ ဥပဒေကြမ်းတစ်ရပ် တင်သွင်း၍ဖြစ်စေ (သို့တည်းမဟုတ်) ဥပဒေအရလုပ်ဆောင်ချက်များ ချမှတ်အကောင်အထည်ဖော်ခြင်းနည်းလမ်းဖြင့်ဖြစ်စေ ရှေ့ဆက်လုပ်ဆောင်သွားရန်ရှိပါကြောင်း စာတမ်းရှင်က စာတမ်းတွင် ရေးသားတင်ပြထားပါသည်။

စာတမ်းရှင်က ထိုသို့ရှေ့ဆက်လုပ်ဆောင်မည့်အစီအစဉ်အတွက် ရုရှားဖက်ဒရယ်ပြည်ထောင်စု (Russian Federation) ၏ လုပ်ငန်းဆောင်ရွက်ပုံကို အောက်ပါအတိုင်းရည်ညွှန်းကိုးကား၍ တင်ပြထားပါသည် _

"ရုရှားဖက်ဒရယ်ပြည်ထောင်စု (Russian Federation) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များက ထင်သာမြင်သာသည့်ပြုမူဆောင်ရွက်ချက်တစ်ရပ်ရပ်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီညွတ်ကြောင်း ထုတ်ဖော်တွေ့ရှိသည့်အခါ၌ဖြစ်စေ၊ သို့မဟုတ် ဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းဆောင်ရွက်ကြရာတွင် ကွာဟချက်တစ်ရပ်ရပ် သို့ဟုတ် ဝိရောဓိဖြစ်ခြင်းတစ်ရပ်ရပ်ကို ဆန်းစစ်အကဲဖြတ်ရန်လိုအပ်သည့် အနေအထားတစ်ရပ်ရပ် (a need) ရှိနေလျှင်ဖြစ်စေ _ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ဒူးမားလွှတ်တော်ထံ ၆ လတာ ကာလထက် နောက်မကျစေဘဲ ဥပဒေကြမ်းတစ်ရပ်ရပ်ကို တင်သွင်းပေးရပါမည်။ ဤသို့လုပ်ဆောင်ခြင်းမျိုးကို လုပ်ဆောင်ပေးရန် လိုအပ်သည့်အချိန်မှာ ဥပဒေတစ်ရပ်ရပ်၌ဖြစ်စေ သို့တည်းမဟုတ် ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များ (သို့) ပြဋ္ဌာန်းချက်အချို့တွင်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက စိစစ်တွေ့ရှိသည့်အချိန်မျိုးတွင် ဖြစ်သည်။"

စာတမ်းရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့် နည်းဥပဒေများ (Rules) အမှန်တကယ်ထားရှိသင့်ကြောင်း အောက်ပါအတိုင်း ၎င်း၏စာတမ်းတွင် သုံးသပ်တင်ပြထားပါသည်-

"စီရင်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့် နည်းဥပဒေများ (Rules) အမှန်တကယ် ထားရှိသင့်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးတရားရုံးများအတွက် ယင်းနည်းဥပဒေများကို ထားရှိသည်ဖြစ်စေ၊ မထားရှိသည်ဖြစ်စေ (whether Rules exist)၊ စီရင်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့် နည်းဥပဒေကို ထားရှိသင့်သည်ဟူသည့် သဘောတရားမှာ တည်ရှိနေမည်ဖြစ်ပြီး၊ နိုင်ငံအလိုက် စီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့် နည်းဥပဒေများ ထားရှိပုံချင်းမှာ ကွဲပြားခြားနားနိုင်ပါသည်။ ပါလီမန်လွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးအဖွဲ့အစည်း၏ တရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရာတွင် မည်

သည့်အကြောင်းအရာမျိုးကိုသာ လိုက်နာဆောင်ရွက်နိုင်မည်ဟု ရွေးချယ်စရာ (Choice) ချန်နေခြင်းမျိုးအနေအထား ဖြစ်တည်နေပါလျှင် လျော်ကန်သင့်မြတ်မည်မဟုတ်ပါ။ ”

**၄။ စာတမ်းရှင် မစ္စ- ယူလီရာ ဗာချင်ကို၏ သုံးသပ်ချက်များကို စုစည်းတင်ပြခြင်း**

စာတမ်းရှင် မစ္စ- ယူလီရာ ဗာချင်ကိုက AACC သို့ ရေးသားတင်ပြခဲ့သည့် သုတေသနစာတမ်း၏ နိဂုံးတွင် အောက်ပါအချက်များကို အနှစ်ချုပ်၍ သုံးသပ်တင်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ယင်းအချက်များမှာ -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (Execution of the Judgments of Constitutional Courts) ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်မှု (Constitutional Justice) ကို အကောင်အထည်ဖော်ဆောင်ခြင်းလုပ်ငန်းစဉ် (Implementation Process) အတွက် တစ်ထောင့်တစ်နေရာမှထောက်ပံ့သည့်အုတ်မြစ် (Cornerstone) ဖြစ်သည်၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်သုံးသပ်ခြင်းကို ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများ (Constitutional Review Bodies) ၏ ဥပဒေအရရပ်တည်ချက်များ (Legal Positions) သည် ဥပဒေပြုမဏ္ဍိုင်နှင့် ဥပဒေပြုရေးလုပ်ငန်းတွင် ရောင်ပြန်ဟပ် (reflect) သင့်သည်၊

(၃) စီရင်ချက်များကို အကောင်အထည်ဖော်ဆောင်ရာတွင် ရှင်းရှင်းလင်းလင်း ( a clear mechanism for execution) ဖြစ်စေရန်လည်း လိုအပ်ပါသည်၊

(၄) တရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရန်မှာ ကဏ္ဍစုံ (Many Factors) ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါတရားစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရာတွင် အချိန်အားဖြင့်ရော၊ အနှစ်သာရအားဖြင့်ပါ ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ဆောင်နိုင်ရေး (timely and full implementation) မှာ တရားဥပဒေစိုးမိုးမှုကို တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်အရေးပါသည့် အနေအထား (Condition) တစ်ရပ် ဖြစ်သည်မှာ (No Doubt) သံသယဖြစ်ဖွယ်မရှိပါ၊

(၅) ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသည် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးအင်စတီကျူးရှင်း ***(အဖွဲ့အစည်း)*** တစ်ရပ်အဖြစ်ပေါ်ထွန်းလာစေရန်စီမံဆောင်ရွက်နေပြီး၊တစ်ဆက်တည်းမှာပင် ကောင်စီ၏ အလုပ်ခွင်ယန္တရား (Working Mechanism) ကိုလည်း တိုးတက်၍ ဖွံ့ဖြိုးလာအောင် (Constantly Improving and Developing) ဆောင်ရွက်လျက်ရှိကာ၊ ကာဇက်စတန်သမ္မတနိုင်ငံ၏ နိုင်ငံ့ဥပဒေစနစ် (State’s Legal System) နှင့် လိုက်ဖက်ညီခြင်း (Harmonizing) ဖြစ်ပေါ်လာစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေ

နယ်ပယ်မျှခြေ (Constitutional and Legal Balance) ရရှိလာစေရန်လည်း ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပါသည်။

**နိဂုံး**

ကာဇက်စတန်သမ္မတနိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုမှ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် လွတ်လပ်ခဲ့ပါသည်။ ကာဇက်စတန်သမ္မတနိုင်ငံသည် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် “ ကာဇက်စတန်သမ္မတနိုင်ငံတော် နိုင်ငံတော်လွတ်လပ်ရေးဥပဒေ ” (State Independence Law) ကို အတည်ပြုပြဋ္ဌာန်း၍ လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်လာပါသည်။

ကာဇက်စတန်သမ္မတနိုင်ငံသည် နိုင်ငံတော်သစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို မရေးဆွဲရသေးမီ ကြားကာလအတွင်း နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့ကို ကျင့်သုံးဆောင်ရွက်နိုင်မည့် ဥပဒေပြဋ္ဌာန်းချက်များကို ကာဇက်စတန်သမ္မတနိုင်ငံ၏ “နိုင်ငံတော်လွတ်လပ်ရေးဥပဒေ(၁၉၉၁)” ၌ ထည့်သွင်းပြဋ္ဌာန်း၍ အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံတစ်နိုင်အဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

ကာဇက်စတန်သမ္မတနိုင်ငံအနေဖြင့် ၁၉၉၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါသည်။

ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံတော်လွတ်လပ်ရေးဥပဒေ (၁၉၉၁) ၌ အခန်း ၅ ခန်း နှင့် ပုဒ်မစုစုပေါင်း ၁၈ ခု ပါဝင်ပါသည်။ ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံတော်လွတ်လပ်ရေးဥပဒေ(၁၉၉၁)၏ **ပုဒ်မ ၁၀** တွင် ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ကာကွယ်စောင့်ရှောက်ရေး၌ အဆင့်အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။[3]

ကာဇက်စတန်သမ္မတနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံ ဖြစ်လာပြီးနောက် နိုင်ငံ၏ပထမဆုံးဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။[4] ကာဇက်စတန်သမ္မတနိုင်ငံ၏ နိုင်ငံတော်လွတ်လပ်ရေးဥပဒေ(၁၉၉၁) ပါ ပုဒ်မ ၁၀ အရ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ကာဇက်စတန်သမ္မတနိုင်ငံ၏ နိုင်ငံတော်ကောင်စီ (Supreme Council) က ၁၉၉၂ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် စတင်ဖွဲ့စည်းပေးခဲ့ပါသည်။ ၁၉၉၂ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် စတင်၍ ဖွဲ့စည်းတည်ထောင်ခဲ့သည့် ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၁၉၉၅ ခုနှစ် အောက်တိုဘာလအထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။[5] ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံ

[3] The highest body of judicial protection of the Constitution shall be **the Constitutional Court of the Republic of Kazakhstan.**

[4] https://e-history.kz/en/history-of-kazakhstan/show/9735

[5] https://www.gov.kz/memleket/entities/ksrk/press/article/details/57767?lang=en

ဥပဒေ (၁၉၉၅) ကို ၁၉၉၅ ခုနှစ် ဩဂုတ်လ ၃၀ ရက် နေ့တွင်အတည်ပြုပြဋ္ဌာန်း၍ ကာဇက်စတန် သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၃) ကို လွှမ်းမိုးပယ်ဖျက်ခဲ့ပါသည်။[6]

ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီဥပဒေကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။[7]

ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၅) နှင့် ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီဥပဒေ (၁၉၉၅) အရ ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာကောင်စီကို ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။




**ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ တရားခွင်ခန်းမ**

ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ(၁၉၉၅)၏ အခန်း ၆ တွင် ကာဇက်စတန် သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ အခန်းကဏ္ဍကို သီးခြားပြဋ္ဌာန်းထားပါသည်။ ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ(၁၉၉၅)၏ အခန်း ၇ သည် တရားရုံးများနှင့် တရား စီရင်ရေးအခန်း (Courts and Justice) ဖြစ်ပါသည်။ ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံ ဥပဒေ (၁၉၉၅) ၏ တရားရုံးများနှင့်တရားစီရင်ရေး (Courts and Justice) အခန်းတွင် ကာဇက်စတန် သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏အခန်းကဏ္ဍသည် မပါဝင်ပါ။

ကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၅) အရ ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသည် ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ အဆင့်အမြင့်ဆုံး တရားစီရင်ရေးအဖွဲ့အစည်းဖြစ်သော်လည်း ကာဇက်စတန်သမ္မတနိုင်ငံ၏ တရားရုံးများနှင့်တရားစီရင်ရေး (Courts and Justice) အခန်းတွင် မပါဝင်ဘဲ သီးခြားဖြစ်တည်သည့်

6 https://en.wikipedia.org/wiki/Constitution_of_Kazakhstan

7 https://adilet.zan.kz/eng/docs/U950002737_/info

နိုင်ငံတော်အဆင့်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ စာတမ်းရှင် မစ္စ - ယူလီရာဗာချင်ကို၏ စာတမ်းတွင်လည်း ယင်းအချက်ကို ရှင်းလင်းစွာထည့်သွင်းဖော်ပြထားသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

AACC က ၎င်း၏ အဖွဲ့ဝင်နိုင်ငံများထံ ၉ ကြိမ်မြောက် Summer School Program အတွက် သုတေသနစာတမ်းများ ဖိတ်ခေါ်ခဲ့ရာတွင် " နှိုင်းယှဉ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေး (**Comparative Constitutional Justice**) နယ်ပယ်၌ AACC ၏ အဖွဲ့ဝင်နိုင်ငံများက သင့်လျော်သော ပါဝင်ကူညီမှုများ လုပ်ဆောင်နိုင်စေရန်" ဟု ရည်ညွှန်းလျက် ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

AACC ၏ ၉ ကြိမ်မြောက် Summer School Program တွင် AACC ၏ အဖွဲ့ဝင်နိုင်ငံများက သုတေသနစာတမ်းများ တင်သွင်းခဲ့ရာတွင် ကာဇက်စတန်သမ္မတနိုင်ငံအပါအဝင် အခြား AACC ၏ အဖွဲ့ဝင်နိုင်ငံများမှ သုတေသနပညာရှင်များအနေဖြင့် နှိုင်းယှဉ်ဥပဒေပညာရပ် (Comparative Law) ၏ နည်းစနစ် (Method) များနှင့် ချဉ်းကပ်မှု (Approach) များ အနက်မှ Descriptive Method ၊ Historical Method ၊ Method of Classification of Legal Families ၊ Factual Method ၊ Legislative Method ၊ Quantitative Method နှင့် Textual Approach စသည်များကို အဓိကထားသုံးစွဲ၍ သုတေသနစာတမ်းများကို တင်သွင်းခဲ့ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

ကာဇက်စတန်သမ္မတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၅) ကို ၂၀၂၂ ခုနှစ်တွင် နောက်ဆုံးပြင်ဆင်ထားပါသည်။ ထို့အတူ ကာဇက်စတန်သမ္မတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီဥပဒေ (၁၉၉၅) ကိုလည်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် နောက်ဆုံးအကြိမ်ပြင်ဆင်ထားပါသည်။ ယင်းဥပဒေပြင်ဆင်ချက်များအရ ယခုအခါ ကာဇက်စတန်သမ္မတနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီမှသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအဖြစ်သို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ မှစ၍ ပြောင်းလဲသွားပြီဖြစ်ပါသဖြင့် ဖွဲ့စည်းမှုပုံစံနှင့် လုပ်ငန်းတာဝန်များ၌ ပြောင်းလဲမှုရှိပါသည်။



## လက်ရှိကာဇက်စတန်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားခွင်ခန်းမ

မကြာသေးမီက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီမှသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအဖြစ်သို့ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းလိုက်သည့် ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တင်ပြချက်များကို AACC ၏ လာမည့်အစည်းအဝေးများ၊ Summer School Program များတွင် တွေ့မြင်ရတော့မည် ဖြစ်ပါသည်။ ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှသည် ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ ဖြစ်လာပြီး၊ ယခု ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းလိုက်သည့် ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးကဏ္ဍ၌ အဆင့်အမြင့်ဆုံးအဖွဲ့အစည်း၏ အသွင်ပြောင်းလဲမှုရလဒ်များကို မကြာမီ လာမည့်နှစ်များအတွင်း တွေ့မြင်ရတော့မည်ဖြစ်ပါကြောင်း သုတေသနပြုလေ့လာတင်ပြအပ်ပါသည်။